# အခန်း ၂၉

## ပြစ်ဒဏ်များကို ဆိုင်းငံ့ထားခြင်း၊ လွတ်ငြိမ်းသက်သာခွင့်ပေးခြင်းနှင့် လျှော့ပေါ့ ပြောင်းလဲခြင်း။

၄၀၁။ (၁) ပြစ်မှုတစ်ခုတစ်ရာအတွက် တစ်ဦးတစ်ယောက်အား ပြစ်ဒဏ် ချမှတ်ပြီးသည့်အခါ နိုင်ငံတော်သမ္မတသည် မည်သည့်အခါမဆို စည်းကမ်းချက်မထားဘဲဖြစ်စေ၊ ပြစ်ဒဏ်စီရင်ခြင်းခံရသူ သဘောတူသည့် စည်းကမ်းချက် တစ်ခုခုထား၍ဖြစ်စေ ၄င်းအပေါ်ချမှတ်သည့် ပြစ်ဒဏ်အတည်ပြုလုပ်ခြင်းကို ဆိုင်းငံ့ထားနိုင်သည်၊ သို့မဟုတ် ၄င်းကိုစီရင်သည့် ပြစ်ဒဏ်အားလုံး၊ သို့မဟုတ် အစိတ်အပိုင်းတစ်ခုတစ်ရာကို လွတ်ငြိမ်းသက်သာခွင့် ပေးနိုင်သည်။ ပြစ်ဒဏ် ဆိုင်းငံ့ထားရန်၊ သို့မဟုတ် လွတ်ငြိမ်းသက်သာခွင့်ပေးရန် အာဏာ။

(၂) မည်သည့်အခါမဆို ပြစ်ဒဏ်တစ်ခုကိုဆိုင်းငံ့ထားရန်၊ သို့မဟုတ် လွတ်ငြိမ်းသက်သာခွင့်ပေးရန်အတွက် နိုင်ငံတော်သမ္မတထံ လျှောက်ထားသည့်အခါ ယင်းလျှောက်ထား ချက်ကို ခွင့်ပြုသင့်သည်၊ သို့မဟုတ် ငြင်းပယ်သင့်သည်ကို မည်သို့ ထင်မြင်သဘောရကြောင်း၊ မည်သည့်အတွက် ထိုသို့သဘောရကြောင်းကို အကြောင်းပြချက်များ ဖော်ပြရန်အပြင် အဆိုပါ ထင်မြင်ချက်စာတမ်းနှင့်အတူ အမှုတွဲမှတ်တမ်း၏ တာဝန်ခံမိတ္တူ၊ သို့မဟုတ် အဆိုပါ အမှုတွဲကို ပေးပို့စေရန် ၄င်းပြစ်မှုထင်ရှားစီရင်သည့်၊ သို့မဟုတ် အတည်ပြုသည့်တရားရုံး၏ ရုံးထိုင်တရားသူကြီးအား နိုင်ငံတော်သမ္မတက ညွှန်ကြားနိုင်သည်။

(၃) ပြစ်ဒဏ်တစ်ရပ်ကို ဆိုင်းငံ့ထားရန်၊ သို့မဟုတ် လွတ်ငြိမ်းသက်သာခွင့်ပေးရန် ထားရှိသည့် စည်းကမ်းချက် တစ်စုံတစ်ရာနှင့် ပြည့်စုံခြင်းမရှိဟု နိုင်ငံတော်သမ္မတက သဘောရရှိလျှင် နိုင်ငံတော်သမ္မတသည် ဆိုင်းငံ့ထားသည့်အမိန့်၊ သို့မဟုတ် လွတ်ငြိမ်းသက်သာ ခွင့် ပေးသည့်အမိန့်ကို ဖျက်သိမ်းနိုင်သည်။ ယင်းကဲ့သို့ ဖျက်သိမ်းလိုက်သည့်အခါ ပြစ်ဒဏ်ကို ဆိုင်းငံ့ထားခြင်း၊ သို့မဟုတ် လွတ်ငြိမ်းသက်သာခွင့်ပေးခြင်းခံရသူသည် လွတ်နေပါက မည်သည့် ရဲအရာရှိကမဆို ဝရမ်းမပါဘဲ ဖမ်းဆီးပြီး၊ ပြစ်ဒဏ်မှမစေ့မကုန်သေးသည့် ကျန်ရှိသေးသော ပြစ်ဒဏ်အပိုင်းကို ကျခံစေရန်အတွက် အကျဉ်းချထားခွင့်ရှိသည်။

(၄) ဤပုဒ်မအရ ပြစ်ဒဏ်တစ်ရပ်ကို ဆိုင်းငံ့ထားခြင်း၊ သို့မဟုတ် လွတ်ငြိမ်းသက်သာခွင့်ပြုရာတွင် ထားရှိသည့် စည်းကမ်းချက်သည် ထိုသို့ ဆိုင်းငံ့ထားခြင်း၊ သို့မဟုတ် လွတ်ငြိမ်းသက်သာခွင့်ပြုခြင်းခံရသူက ပြည့်စုံစွာဆောင်ရွက်ရမည့် စည်းကမ်းချက် ဖြစ်နိုင်သည်၊ သို့မဟုတ် ၎င်း၏သဘောဆန္ဒနှင့် လွတ်ကင်းသည့် စည်းကမ်းချက် ဖြစ်နိုင်သည်။

(၄က) အထက်ပါ ပုဒ်မခွဲများတွင် ပါရှိသော ပြဋ္ဌာန်းချက်များမှာ တစ်ဦး တစ်ယောက်အား လွတ်လပ်မှုကို ကန့်သတ်စေသည့်၊ သို့မဟုတ် ၎င်းအပေါ်၊ သို့မဟုတ် ၎င်း၏ ပစ္စည်းအပေါ် တာဝန်တစ်စုံတစ်ရာ သက်ရောက်စေသည့် ဤကျင့်ထုံးဥပဒေ၊ သို့မဟုတ် အခြား ဥပဒေတစ်ရပ်ရပ်အရ ရာဇဝတ်တရားရုံး တစ်ရုံးရုံးက ချမှတ်သည့် အမိန့်တစ်စုံတစ်ရာနှင့်လည်း သက်ဆိုင်စေရမည်။

(၅) နိုင်ငံတော်သမ္မတက ပြစ်ဒဏ် လွတ်ငြိမ်းချမ်းသာခွင့်၊ ပြစ်ဒဏ်ရွှေ့ဆိုင်းခွင့်၊ ဆိုင်းငံ့ခွင့်၊ လွတ်ငြိမ်းသက်သာခွင့်ပေးနိုင်သည့်အခွင့်ကို ဤပုဒ်မပါ မည်သည့်အချက်အရမျှ စွက်ဖက်သည်ဟု မမှတ်ယူရ၊

(၅က) နိုင်ငံတော်သမ္မတက စည်းကမ်းချက်တစ်ရပ်ထား၍ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပြုရာတွင် သတ်မှတ်ထားသည့် မည်သည့် စည်းကမ်းချက်မျိုးမဆို ဤကျင့်ထုံးဥပဒေအရ အခွင့်အာဏာရ တရားရုံးတစ်ရုံး၏ ပြစ်ဒဏ်တစ်ရပ်အရ သတ်မှတ်ကြောင်း မှတ်ယူရမည့်အပြင် ယင်းသို့မှတ်ယူသည့်အတိုင်းလည်း အတည်ပြုလုပ်စေရမည်။

(၆) နိုင်ငံတော်သမ္မတသည် ယေဘုယျ နည်းဥပဒေများ၊ သို့မဟုတ် အထူးအမိန့် များအရ ပြစ်ဒဏ်ဆိုင်းငံ့ထားရန်နှင့် လျှောက်လွှာများ တင်သွင်းခြင်းဆိုင်ရာ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ ညွှန်ကြားချက်များ ပေးနိုင်သည်။

၄၀၂။ (၁) နိုင်ငံတော်သမ္မတသည် ပြစ်ဒဏ်စီရင်ခြင်းခံရသူ သဘောမတူဘဲ အောက်ပါ မည်သည့် ပြစ်ဒဏ်ကိုမဆို ၎င်းစီရင်ချက်နောက်၌ ဆက်လက်ဖော်ပြသည့် စီရင်ချက်တစ်စုံတစ်ရာနှင့် လျော့ပေါ့ပြောင်းလဲနိုင်သည်– ပြစ်ဒဏ်ကို လျော့ပေါ့ ပြောင်းလဲနိုင်ခွင့် အာဏာ။

သေဒဏ်၊ တစ်ကျွန်းပို့ဒဏ်၊ ပြစ်ဒဏ် စီရင်ရန်ရှိသည့် ကာလအပိုင်းအခြားထက် မပိုသည့်ကာလအတွက် အလုပ်ကြမ်းနှင့်ထောင်ဒဏ်၊ ၎င်းကာလအပိုင်းအခြားအတွက် အလုပ်မဲ့ထောင်ဒဏ်၊ ငွေဒဏ်။

(၂) ဤပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၄၊ သို့မဟုတ် ပုဒ်မ ၅၅ ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေရ။